မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

November 23 , 2022 Volume 60, Number 15

၂၃.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၃၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၅၅၀၀၀ |
| ဒေါ်လာဈေး | = ၂၈၉၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၆.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၁၈.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၉၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၆.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၄၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၇၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၉.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၉၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်း နှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်မှ ၁၈ ရက်နေ့အတွင်း ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူး ငှက်ပျော၊ နှမ်း၊ ခဲသတ္တု၊ ဖရဲသီး၊ ရှောက်ကောပါကော၊ ရော်ဘာ၊ ဆန်၊ ပိုးလုံးအိမ်၊ မြေပဲကျား(အခွံပါ)၊ ကြံနှင့် ဆန်ကွဲများတင်ပို့ခဲ့ပြီး ပို့ကုန်၏ငွေပမာဏမှာ ၃၆၂၆၆၀၃ ဒသမ ၄၄ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် နိုဝင်ဘာလ ၅ ရက်မှ ၁၁ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၂၇၅၉၉၉၀ ဒသမ ၂၄ ကန်ဒေါ်လာနှင့် ကာလတူ တင်ပို့ကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၈၆၆၆၁၃ ဒသမ ၂ ကန်ဒေါ်လာ ပိုမို၍တင်ပို့မှုရှိခဲ့သည်ကိုတွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် နိုဝင်ဘာလ ၁၂ ရက်မှ ၁၈ ရက်နေ့အတွင်း ကန်ပိုက်တည်နှင့်လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လယ်ထွန်စက်၊ ဓါတ်မြေဩဇာများ၊ ကုန်ထုတ်စက်ကိရိယာများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ ပန်းသီး၊ ကားတာယာ၊ သံပိုက်၊ မြက်ခင်းတုနှင့်အခြားပစ္စည်းများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏမှာ ၄၈၀၂၆၀ ဒသမ ၅ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် နိုဝင်ဘာလ ၅ ရက်မှ ၁၁ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၄၃၃၇၇၈ ဒသမ ၆၃ ကန်ဒေါ်လာနှင့် ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှင့်နှိုင်းယှဉ်ပါက ၄၆၄၈၁ ဒသမ ၈၇ ကန်ဒေါ်လာ ပို၍ တင်သွင်းခဲ့သည်ကိုတွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၃၁၄၆၃၄၂ ဒသမ ၉၄ ကန်ဒေါ်လာ ပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၉ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၄ ဒသမ ၉၈ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုန်ဌာန**

## ဝါသီးနှံစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေ

မကွေးတိုင်းဒေသကြီးအတွင်း တောင်တွင်းကြီး၊ မြို့သစ်၊ အောင်လံ၊ နတ်မောက်နှင့် ပခုက္ကူမြို့နယ်များတွင် ဝါသီးနှံကို အများဆုံးစိုက်ပျိုးကြပြီး ဝါစိုက်ကေမှာ

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

တစ်တိုင်းလုံးအနေဖြင့် (၁၄၁၁၇၇) ဧက စိုက်ပျိုးထွက်ရှိပါတယ်။ ဝါသီးနှံသည် အပူပိုင်းဇုံအတွင်းကျရောက်သည့် မကွေးတိုင်းဒေသကြီးတွင် ပိုမိုဖြစ်ထွန်းပြီး ရာသီဥတုဒဏ်လည်း ခံနိုင်တဲ့သီးနှံဖြစ်ပါတယ်။ တစ်ဧကလျှင် ဝါပိဿာပျှမ်းမျှအနေဖြင့် (၄၀၀)ထွက်ရှိပြီး ယခုနှစ်တွင် ဝါသီးနှံများ ဖွံ့ဖြိုးစပြုချိန်၌ မိုးနည်းသွားသည့်အတွက် အထွက်နှုန်းလည်း ကျဆင်းသွားခဲ့ကာ ပျှမ်းမျှပိဿာ (၃၀၀)လောက်သာ ထွက်ရှိတာပဲဖြစ်ပါတယ်။ ဝါတစ်ဧက ကုန်ကျစရိတ်အနေဖြင့် (၃) သိန်းနှင့် (၄) သိန်းကြား ကုန်ကျပြီး အကျိုးအမြတ်ရရှိမှု အနေဖြင့် (၄) သိန်းနှင့် (၅) သိန်းကြား ရရှိနေပါတယ်။

ဝါပင်မှ ဝါသီးကိုခူးဆွတ်ပြီး အစေ့မထုတ်မီ ဝါဟုခေါ်ပြီး အစေ့ထုတ်ကာ ကြိတ်ပြီးပါက ဝါဂွမ်းဖတ်ကို ရရှိပါတယ်။ ဝါ(၃)ပိဿာ ကြိတ်ပါက ဝါဂွမ်း(၁)ပိဿာရရှိကာ ထွက်လာသည့်ဝါစေ့များကိုလည်း ကြိတ်ခွဲပါက ဝါစေ့ဆီကို ရရှိပါတယ်။ ဝါသီးရင့်မှည့်ပါက ဝါကို(၁၀)ရက်ခြား တစ်ခါကောက်ပြီး လက်ရင်းသီး၊ အလယ်သီး၊ အဖျားသီးဆိုပြီး (၃)ခါတိုင်တိုင် ကောက်ရကာ အလယ်သီးကတော့ အရည်အသွေးအကောင်းဆုံးဖြစ်ပါတယ်။ ယခုအချိန်သည် အလယ်သီးကောက်ချိန်ပဲဖြစ်ပြီး ဝါသီးနှံသည် အသီးရော၊ အစေ့ရော အသုံးဝင်ကာ ဈေးကောင်းရရှိနေတာကို တွေ့ရပါတယ်။ ဝါဂွမ်းများကို ချည်မျှင်စက်ရုံများနှင့် တရုတ်ဝယ်လက်ဖြစ်တဲ့ မန္တလေးမြို့သို့ တင်ပို့ရောင်းချကြပါတယ်။

ဝါဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် ဝါတစ်ပိဿာ(၁၅၀၀)ကျပ်ဈေးသာ ရရှိခဲ့သော်လည်း ယခုနှစ်ဝါထွက်ပေါ်ချိန် စက်တင်ဘာလမှစ၍ ဈေးကောင်းနေကာ ယခုလိုင်လိုင်ပေါ်ထွက်ချိန်တွင် ဝါတစ်ပိဿာလျှင် (၂၉၀၀)ကျပ်၊ ဝါဂွမ်း (၁)ပိဿာလျှင် (၆၈၀၀)ကျပ်၊ ဝါစေ့(၁)ပိဿာလျှင် (၁၁၅၀) ကျပ်၊ ဝါစေ့ဆီ(၁)ပိဿာလျှင် (၅၇၀၀)ကျပ် ဈေးအထိ ရရှိနေတဲ့အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဝါဈေးနှုန်းထက်ဝက်မက ဈေးမြင့်တက်ကာ ဈေးကောင်း ရရှိနေပါတယ်။ ဝါသီးနှံသည် ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ လုပ်သားရှားပါးသည့်အတွက် ခူးဆွတ်ရမည့်အချိန်အား နောက်ကျမှခူးဆွတ်၍ရခြင်း၊ ခူးဆွတ်ပြီးတာနှင့်တစ်ပြိုင်တည်း ဒိုင်သို့ချက်ချင်းရောင်းချရသည့်အတွက် ဝင်ငွေရလွယ်သည့်သီးနှံဖြစ်ခြင်း စသည့်အားသာချက်များကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိတဲ့ ဝါသီးနှံကို တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## စပါးနှင့်ပဲတီစိမ်းစိုက်တောင်သူများကို ငွေမချေးဘဲ မြေဩဇာနှင့်ပိုးသတ်ဆေးရရှိရေး ဆောင်ရွက်ပေးပြီး မြေဩဇာတန်ဖိုးနှင့်ညီမျှသော စပါးနှင့်ပဲတီစိမ်းများကို ပေါက်ဈေးဖြင့် ပြန်လည်ရောင်းချပေးဆပ်ရမည်

နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ လယ်ယာစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စပါးနှင့် ပဲတီစိမ်းစိုက်ပျိုးသော တောင်သူများအတွက် လိုအပ်လျက်ရှိသည့် သွင်းအားစုများကို တစ်ရာခိုင်နှုန်း ဝန်ဆောင်မှုစရိတ်ဖြင့် ငွေမချေးဘဲ မြေဩဇာနှင့်ပိုးသတ်ဆေးရရှိရေး ဆောင်ရွက်ပေးခြင်း၊ မြေဩဇာတန်ဖိုးနှင့် ညီမျှသော စပါးနှင့်ပဲတီစိမ်းများအား တောင်သူများက ပေါက်ဈေးနှင့်အညီ ပြန်လည်ရောင်းချပေးဆပ်ရေး လုပ်ငန်းစဉ်များဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးက ပြောကြားခဲ့သည်။

နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စပါးနှင့်ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးသည် နိုဝင်ဘာ ၂၁ ရက်က တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းစစ်ဆေးပြီး ဆွေးနွေးမှုများပြုလုပ်စဉ် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့် ကြွေးကျန်ပမာဏ၏ ၂၅ ရာခိုင်နှုန်း အပါအဝင် မြေဩဇာတန်ဖိုးနှင့်ညီမျှသော စပါးနှင့်ပဲတီစိမ်းများအား ပေါက်ဈေးနှင့်အညီ ပြန်လည်ရောင်းချပေးဆပ်ခြင်း၊ တောင်သူများ၏လက်ဝယ်သို့ သွင်းအားစုများ သတ်မှတ်အချိန်မီအတွင်း အချိန်မီရောက်ရှိအသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် မြေဩဇာ၊ ပိုးသတ်ဆေးနှင့်ဝန်ဆောင်ခ တစ်ရာခိုင်နှုန်းငွေများအား မပျောက်ပျက်၊ မဆုံးရှုံးအောင် စီမံဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဌာနများအနေဖြင့် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီပြီး ဈေးနှုန်းသက်သာသည့် သွင်းအားစုများ စိုက်ပျိုးချိန်အမီရောက်ရှိစေရေး အစုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ထွက်ရှိလာသည့် စပါးနှင့် ပဲတီစိမ်းများ ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရောင်းချနိုင်ရေး၊ စပါးနှင့်ပဲတီစိမ်းဝယ်ယူမည့် အစုအဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ဆုံးရှုံးမှုမရှိအောင် ကြီးကြပ်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်ထောင်စု ဝန်ကြီးက ပြောကြားသည်။

**Source:** https://news-eleven.com/article/240801

## အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ(ACFTA) အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN-China Free Trade Area-ACFTA) အဆင့်မြှင့်တင်ရေး အတွက် စေ့စပ်ညှိနှိုင်းမှုများ တရားဝင်စတင်ဆောင်ရွက်ခြင်းကို အာဆီယံနှင့် တရုတ်နိုင်ငံတို့မှ ခေါင်းဆောင်များက ကြိုဆိုခဲ့ကြ ပါသည်။ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရခြင်းမှာ အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသ (ACFTA) သည် အာဆီယံ-တရုတ်စီးပွားဆက်ဆံရေးကို ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာစေရေးနှင့် ဒေသတွင်းနိုင်ငံများ၏ ကပ်ရောဂါအလွန် စီးပွားရေးပြန်လည်ဦးမော့လာစေရေးကို အထောက်အကူပြုစေရန် အတွက် ရည်ရွယ်ပါသည်။ (၂၅) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ(ACFTA) အဆင့်မြှင့်တင်မှုဆိုင်ရာ ကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသ(ACFTA)သည် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား သက်တမ်းအရင့်ဆုံး FTA ဖြစ်ပါသည်။ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ(ACFTA)ကို အဆင့်မြှင့်တင်ခြင်း သည် ACFTA ကို စီးပွားရေးလုပ်ငန်းများနှင့် ပိုမိုချိတ်ဆက်မှုရှိစေရန်၊ အနာဂတ်အတွက် အဆင်သင့်ရှိနေပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရန်ဆောင်ရွက်မည်ဟု ကတိပြုခြင်းဖြစ်ကြောင်း အာဆီယံနှင့်တရုတ်နိုင်ငံတို့မှ သက်ဆိုင်သူ အားလုံးကို အသိပေးလိုက်ခြင်းဖြစ်ပါသည်။

ထိုသို့အဆင့်မြှင့်တင်ထားသည့် ACFTA သည် နှစ်ဘက်စလုံးအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များ ဖြစ်သော ဒစ်ဂျစ်တယ်စီးပွားရေး၊ Green economy၊ ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) အကျုံးဝင်မည် ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ၏ ဒုတိယ အကြီးဆုံးရင်းမြစ်ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ကုန်စည်ကုန်သွယ်မှု စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၆၆၉ ဘီလီယံ အထိ ရောက်ရှိခဲ့ပါသည်။ COVID-19 ကပ်ရောဂါသည် အချိန်အတော်ကြာ သက်ရောက်မှုများရှိနေသော်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုမှာ ၂၉ ရာခိုင်နှုန်းရှိပါသည်။ အလားတူကာလအတွင်း တရုတ်နိုင်ငံမှ အာဆီယံနိုင်ငံများသို့ FDI စီးဝင်မှုသည် အမေရိကန်ဒေါ်လာ ၁၃.၆ ဘီလီယံရှိပြီး၊ ၂၀၂၀ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၇.၀ ဘီလီယံ၏ နှစ်ဆနီးပါး ရှိနေသဖြင့် အာဆီယံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI) ဝင်ရောက်မှု စုစုပေါင်း ၏ ၇.၈ ရာခိုင်နှုန်းနှင့် ညီမျှပါသည်။

ရှေ့ဆက်ဆောင်ရွက်ခြင်းဖြင့် အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသ(ACFTA)သည် လက်ရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းနှင့် အရှိန်အဟုန်တို့ကို ပိုမိုပံ့ပိုးပေးမည်ဖြစ်ပါသည်။

ကေခိုင်ကျော် (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

**Source: asean.org**

https://myantrade.gov.mm/article/%E1%80%A1%E1%80%AC%E1%80%86%E1%80%AE%E1%80%9A%E1%80%B6-

## ဂျာမနီနိုင်ငံတွင် ဓါတ်ငွေ့ဖြည့်တင်းနိုင်မှု ရာခိုင်နှုန်းပြည့်မီရောက်ရှိခြင်း

ဂျာမနီနိုင်ငံတွင် ဆောင်းရာသီ ဓါတ်ငွေ့ဖြည့်တင်းနိုင်မှုအခြေအနေသည် (၁၀၀) ရာခိုင်နှုန်း ပြည့်မီရောက်ရှိခဲ့ပြီဖြစ်ကြောင်း European gas storage association က ၁၅.၁၁.၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ဂျာမနီနိုင်ငံ၏ စွမ်းအင်ဆိုင်ရာ စည်းမျဉ်းချမှတ်ထိန်းကျောင်းသည့် အဖွဲ့အစည်းဖြစ်သော Federal Network Agency ကလည်း ရာနှုန်းပြည့် ဓါတ်ငွေ့ဖြည့်တင်းနိုင်မှုအတွက် ထပ်လောင်းအတည်ပြု ပြောကြားခဲ့ပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော ဓါတ်ငွေ့ဖြည့်တင်းနိုင်ရန် အခြားရရှိနိုင်မည့် အရင်းအမြစ်များမှ လိုက်လံဝယ်ယူစုဆောင်းမှုများပြုလုပ်ခဲ့ရာ အောက်တိုဘာလလယ်ပိုင်းခန့်တွင် လိုအပ်ချက်၏ (၉၅) ရာခိုင်နှုန်းကို စုဆောင်းဖြည့်တင်းနိုင်ခဲ့ပြီး ယခု နိုဝင်ဘာလလယ်ပိုင်းတွင် ရာခိုင်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဂျာမနီနိုင်ငံတွင် LNG terminals (၅) ခု ပါဝင်သော ဆိပ်ကမ်းတစ်ခုကိုလည်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး နော်ဝေနှင့် အမေရိကန်နိုင်ငံတို့မှ LNG တင်သွင်းမှုများ ပါဝင်ပါသည်။

တစ်ဖက်တွင်လည်း အိမ်ထောင်စုများနှင့်စီးပွားရေးလုပ်ငန်းများက စွမ်းအင်သုံးစွဲမှုများကို ယခင်ကထက်ချွေတာ၍ သုံးစွဲခဲ့ကြခြင်းကလည်း တစ်စိတ်တစ်ပိုင်း အထောက်အကူပြုခဲ့ကြောင်း သိရှိရပါသည်။ Federal Network Agency ဥက္ကဋ္ဌဖြစ်သူ Mr.Klaus Müller က အားလုံးအတူတကွပူးပေါင်း၍ အောင်မြင်မှုရရှိလာခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်မှုမျိုးကို ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များနှင့်ဂရစ်လိုင်းများ တိုးချဲ့ဆောင်ရွက်ရာတွင်လည်း အလားတူ ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် ဂျာမနီနိုင်ငံတွင် စွမ်းအင်လိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် ရေနံနှင့်ကျောက်မီးသွေးစက်ရုံဟောင်းများကို ယာယီပြန်လည် လည်ပတ်အသုံးပြုခြင်းနှင့် နျူကလီးယားစက်ရုံ(၃)ခုကို ဆက်လက်သက်တမ်းတိုးမြှင့် လည်ပတ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Source: https://www.dw.com/en/germanys-gas-storage-levels-hit-100-capacity/a-63766561**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1%80%AE%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80

## ရန်ကုန်မှာ ဖရဲသီးတစ်လုံး ကျပ်တစ်သောင်းထိ ဈေးရှိနေ




တရုတ်နိုင်ငံမှာ တကျော့ပြန်ဖြစ်ပွားနေတဲ့ ကိုဗစ်ရောဂါတွေကြောင့် မြန်မာနိုင်ငံက ဖရဲသီးတွေကိုအဝယ်နည်းနေပေမယ့် ရန်ကုန်လက်လီဈေးကွက် အတွင်းမှာတော့ အရည်အသွေးကောင်းတဲ့ ဖရဲသီးတစ်လုံးကို ကျပ်တစ်သောင်းအထိ ပေါက်ဈေးရှိနေတယ်လို့ သိရပါတယ်။

ဖရဲသီးအရွယ်အစားနဲ့ အရည်အသွေးပေါ်မူတည်ပြီး ဖရဲသီးတစ်လုံးကို အနည်းဆုံး ကျပ် ၈၀၀၀ ကနေ ကျပ် ၁၀၀၀၀ ကျော်အထိ ရန်ကုန်လက်လီဈေးကွက်အတွင်း ရောင်းချနေကြတာဖြစ်ပါတယ်။ နေရာဒေသပေါ်မူ တည်ပြီးတော့ ဈေးနှုန်းကွာခြားမှုတွေတော့ ရှိပါတယ်။

“ရန်ကုန်မှာ ခရမ်းဘက်က အဝင်များတာပေါ့။ အနည်းဆုံးတစ်လုံးကို ရှစ်ထောင်ကနေရောင်းတယ်။ အလုံး အကြီးတွေကတော့ တစ်လုံးတစ်သောင်းပေါ့။ ထိုင်းဖရဲကျောက်စိမ်းကတော့ တစ်လုံး ထောင့်ငါးရာ၊ နှစ်ထောင့်ငါးရာ၊ သုံးထောင် အစားစားရှိတယ်။ အခုတင်ရောင်းတဲ့ တစ်သောင်းတန်အလုံးဆိုရင် အရင်က အများဆုံးရှိမှ လေးထောင်၊ ငါးထောင်ပေါ့။ အခုက ဝယ်ဈေးတောင်မရဘူးဖြစ်နေတယ်။ မြေဩဇာဘာညာ ဈေးကြီးတာရော၊ သယ်ယူစရိတ်ရော၊ ဒီနှစ်ထဲ အစိုက်နည်းတာရော ဒါကြောင့် ဒီဈေးဖြစ်သွားတာလို့ အရောင်းဒိုင်တွေက ပြောတာပဲဗျ” လို့ ရန်ကုန်၊ ကျောက်တံတား မြို့နယ်အတွင်း သစ်သီးဆိုင်ဖွင့်ထားသူက ပြောပါတယ်။

မြန်မာနိုင်ငံထွက် ဖရဲတွေကို နှစ်စဉ် တရုတ်နိုင်ငံကို အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပြီး လက်ရှိ ဖရဲတင်ပို့မှုရာသီစနေပြီဖြစ်ပေမယ့် တရုတ်နိုင်ငံဘက် တကျော့ပြန် ကိုဗစ်ရောဂါတွေကြောင့် Lock-down အခြေအနေရှိ နေတဲ့အတွက် ဝယ်လက်နဲ့ ဈေးကွက်အကန့်အသတ်ရှိနေပါတယ်။ သစ်သီးကားအဝင် အစီးရေ ၃၀၊ ၄၀ ခန့်ရှိ နေပြီး လက်ရှိပေါက်ဈေးက အရည်အသွေးပေါ်မူတည်ပြီး ဖရဲတစ်တန်ကို ယွမ် ၁၄၀၀ ကနေ ၂၀၀၀ နဲ့ ရွှေဝါ သခွားတစ်တန် ယွမ် ၂၀၀၀ ကနေ ၄၈၀၀ ရှိနေတယ်လို့ ခွာညိုသစ်သီးပွဲရုံကနေ သိရပါတယ်။

"ဖရဲသခွား တင်ပို့မှုမှာ ပြတ်ဈေး သိပ်မသေချာပေမယ့် သေချာတာက တင်ပို့မှုကုန်ကျစရိတ် တရိပ်ရိပ်တက်နေတာပါ။ မြန်မာကားတွေ တိုက်ရိုက်ဝင်ရောက်မှုရှိသလို တရုတ်ကားပြောင်းပြီး အဝင်တွေလည်းရှိပါတယ်။ ကားသမားနဲ့ ညှိနှိုင်းမှုပေါ် မူတည်ပါတယ်။ အတွင်းချ ကားခဈေး ပိုရပေမယ့် အများအားဖြင့် တရုတ်ကားပြောင်းပြီး ဝင်ကြပါတယ်။ မြန်မာကား လွယ်ကူစွာ ဝင်ထွက်နိုင်ရင် ပိုအဆင်ပြေမှာပါ။ ဖရဲတစ်စီး မြန်မာဖက် ကုန်ကျငွေအစအဆုံးက (ကျပ် ၃၀-၄၀)သိန်းခန့်၊ တရုတ်ဖက်ကုန်ကျငွေ (ကျပ် ၂၀-၂၅)သိန်းခန့်၊ သခွားက(၅-၈)သိန်းပိုပါတယ်။ တရုတ်ကားပေါ် တစ်စီးထက်ပိုတင်ရင် တဖက်ကကုန်ကျစရိတ် အနည်းအကျဉ်းလျော့ပါတယ်။ တရုတ်ဖက် Lock-down အခြေအနေကြောင့် ဝယ်လက်နဲ့ဈေးကွက် အကန့်အသတ်ရှိပါတယ်"လို့ ခွာညိုသစ်သီးပွဲရုံရဲ့ တာဝန်ရှိသူကဆိုပါတယ်။

တရုတ်နိုင်ငံဘက်က ချိန်ဒူး၊ ချုံချင်း၊ ပီကင်းစတဲ့ ဖရဲဈေးကွက်ရှိတဲ့နေရာတွေကို Lock-down ချလာတဲ့ အနေ အထားတွေကြောင့် မြန်မာနိုင်ငံဘက်က ဖရဲတင်ပို့နိုင်မယ့် ဈေးကွက်မရှိသလောက်ဖြစ်လာနေတယ်လို့ ဖရဲ၊ သခွားကုန်သည်တွေဆီကနေ သိရပါတယ်။

ပြီးခဲ့တဲ့နှစ် ဖရဲတင်ပို့တဲ့ရာသီမှာ ဖရဲကားအစီးရေ ၃ သောင်းဝန်းကျင်၊ ရွှေဝါသခွား ကားအစီးရေ ၁ သောင်း ၂ ထောင်ဝန်းကျင် တင်ပို့နိုင်ခဲ့ပေမယ့်လည်း လမ်းခရီးကြန့်ကြာပြီး တရုတ်နိုင်ငံထဲရောက်တဲ့အချိန် ဖရဲ၊ သခွားတွေ ပျက်စီးသွားတဲ့အတွက် ရောင်းမရဘဲ စွန့်ပစ်လိုက်ရတဲ့ ကားအစီးရေက ထက်ဝက်လောက်ရှိခဲ့တယ်လို့ ဖရဲ၊ သခွား ကုန်သည်တွေဆီကနေ သိရပါတယ်။ ဒါကြောင့် ပြည်တွင်း ဖရဲစိုက်တောင်သူအများစုနဲ့ သစ်သီးဒိုင်တွေက လက်ရှိမှာ ပြည်တွင်းဈေးကွက်ကိုပဲ အဓိက အားထားနေကြရတယ်လို့ သိရပါတယ်။

ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## မြောက်ဥက္ကလာပမြို့နယ် မြန်မာ့လက်မှုအနုပညာစင်တာတွင် နှီးဒေါင်းလန်းများ အရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မြန်မာ့လက်မှုအနုပညာစင်တာတွင် နှီးဒေါင်းလန်းများ အရောင်းသွက်နေကြောင်း Myanmar San မြန်မာမှု အနုပညာထုတ်ကုန်အရောင်းပြခန်း မန်နေဂျာ ဒေါ်နဒီပွင့်လွှာက ပြောပြ၍သိရသည်။

အဆိုပါ မြန်မာ့လက်မှုအနုပညာစင်တာတွင် မြန်မာ့ပန်းပုထည်များနှင့် မြန်မာ့ယွန်းထည်များကို အဓိကထားသည့် နှီးဒေါင်းလန်းချောများနှင့် ယွန်းကလပ်များမှာ အရောင်းသွက်နေကြောင်း၊ အဓိကအားဖြင့် သယ်ဆောင်ရလွယ်ကူသည့် အကျယ်ရှစ်လက်မ၊ အမြင့်ကိုးလက်မအရွယ်အစားရှိ နှီးဒေါင်းလန်းငယ်များမှာ ပြည်ပသို့သွားရောက်ကြသည့် မြန်မာနိုင်ငံသားများက လက်ဆောင်ပေးရန် ဝယ်ယူနေသည့်အတွက် အရောင်းသွက်နေခြင်းဖြစ်ကြောင်း သိရသည်။ "ဒီစင်တာမှာတော့ ပန်းပု၊ ယွန်းစတဲ့ မြန်မာမှုထုတ်ကုန်တွေကို တစ်စုတစ်စည်းတည်း ရွေးချယ်ဝယ်ယူနိုင်တဲ့ အတွက် လာရောက်ဝယ်ယူသူတွေများပါတယ်။ လက်တလောကတော့ ပြည်ပသွားတဲ့သူတွေက လက်ဆောင်ပေးဖို့၊ အိမ်မှာ အလှထားဖို့ဆိုပြီးတော့ ယွန်းထည်တွေထဲမှာမှ ရွှေယွန်းကလပ်နဲ့ နှီးဒေါင်းလန်း အရွယ်အစားအသေးဆုံးတွေကို ဝယ်ကြပါတယ်။ နှီးဒေါင်းလန်း အရွယ်အစားအသေးဆုံးကတော့ အကျယ် ရှစ်လက်မ၊ အမြင့် ကိုးလက်မအရွယ်အစားက အရောင်းသွက်ပါတယ်။ သူကဈေးနှုန်းအနေနဲ့ ငွေကျပ် ၁၃၀၀၀ ဆိုတော့ အဝယ်များပါတယ်။ ဒီလထဲမှာဆိုရင် နိုဝင်ဘာလ ပထမပတ်ကနေ နိုဝင်ဘာလ ဒုတိယပတ်လောက်ထိ နှီးဒေါင်းလန်းအခုရေ ၅၀ လောက် ရောင်းချပြီးပါပြီ" ဟု ဒေါ်နဒီပွင့်လွှာက ပြောပြသည်။

နှီးဒေါင်းလန်းချောများမှာ အရွယ်အစားအနေဖြင့် အကျယ် ရှစ်လက်မ၊ အမြင့် ကိုးလက်မ၊ အကျယ် ၁၂ လက်မ၊ အမြင့် ကိုးလက်မ၊ အကျယ် ၁၄ လက်မ၊ အမြင့် ၁၀ လက်မ၊ အကျယ် ၁၈ လက်မ၊ အမြင့် ၁၀ လက်မ၊ အကျယ် ၂၄ လက်မ၊ အမြင့် ၁၂ လက်မထိရှိပြီး ဈေးနှုန်းများမှာလည်း အရွယ်အစားကို မူတည်၍ ငွေကျပ် ၁၃၀၀၀ မှ ငွေကျပ် ၁၂၅၀၀၀ ထိ ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မြိတ်ဒေသတွင် ကကတစ်ငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နေ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ဒေသတွင် ကကတစ်ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နေကြောင်း တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ နိုဝင်ဘာ ၁၉ ရက် သတင်းများအရသိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၌ မြိတ်ဒေသတွင် ကကတစ်ငါး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ မှ ၈၀၀၀ ထိ ဈေးနှုန်းရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ ခန့်ထိ ပေါက်ဈေးရရှိနေကြောင်း၊ ယခုနှစ် ငါးအစာဈေးနှုန်းများ မြင့်တက်လာသဖြင့် ယခင်နှစ်ထက် ပိုမိုကုန်ကျနေသော်လည်း ငါးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေသဖြင့် မွေးမြူလုပ်ကိုင်သူများအတွက် တွက်ခြေကိုက်မှုရှိနေကြောင်း၊ အဆိုပါ ကကတစ်ငါးများကို ဒေသတွင်းစားသုံးရန်ရောင်းချပြီး ရန်ကုန်မြို့နှင့်အခြားမြို့ကြီးများသို့ အအေးခန်းကွန်တိန်နာဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသရှိ ကကတစ်ငါးမွေးမြူရေးလုပ်ငန်းပိုင်ရှင်များသည် ကကတစ်ငါး ငါးသားပေါက်အကောင်ရေ ၁၀၀၀၀ ခန့်မွေးမြူလျှင် စုစုပေါင်းကုန်ကျစရိတ် ငွေကျပ် ၂၉၄ သိန်း ကုန်ကျမည်ဖြစ်ပြီး၊ ငါးဖော်ချိန်၌ ကကတစ်ငါး(အရှင်) ၈၀ ရာခိုင်နှုန်း မွေးမြူအောင်မြင်ပါက အသားတင်အမြတ် ငွေကျပ် ၂၃၈ သိန်းခန့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါဒေသများတွင် ကကတစ်ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူတိုးတက် များပြားလာခဲ့သောကြောင့် ယခုအခါ မြိတ်မြို့နှင့် ပတ်ဝန်းကျင်ဒေသတွင် ကကတစ်ငါးများကို ရေချိုဒေသများတွင်လည်းကောင်း၊ ရေငန်ဒေသများတွင်လည်းကောင်း၊ ရေချို၊ ရေငန်အစပ်ဒေသများတွင်လည်းကောင်း မြေသားရေကန်များဖြင့် စီးပွားဖြစ်မွေးမြူကြသည့်အပြင် မြစ်ချောင်းဒေသများနှင့် ပင်လယ်ပြင်ဒေသများတွင်လည်း လှောင်အိမ်ဖောင်များဖြင့် မွေးမြူလုပ်ကိုင်ဆောင်ရွက်နေကြကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## STOCK EXCHANGE (23.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,100 | 9,200 | 9,100 | 1,044 | 9,501,400 | 33,109,694 | 301,298 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,400 | 3,300 | 850 | 2,832,300 | 38,929,150 | 130,413 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 16 | 123,200 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,000 | 19,500 | 19,000 | 210 | 4,070,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 1 | 2,700 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 538 | 1,452,600 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 30 | 150,000 | 10,497,598 | 52,488 |

# Market Overview

## Main Board

As of 1:00 pm, 23rd Nov. 2022

| MYANPIX | 402.99 ▲ 0.60 |
|---|---|
| Total Volume (shares) | 2,689 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 701,054 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |

TIR